MAE TAO CLINIC

# ကိုဗစ်-၁၉ နောက်ဆုံးအခြေအနေနှင့်ပတ်သက်သောထုတ်ပြန်ကြေညာချက် (၂)

၂၀၂၁ခုနှစ် ဩဂုတ်လ ၅ရက်နေ့

**နောက်ခံအကြောင်းအရင်း**

လတ်တလောကာလတွင်မြန်မာနိုင်ငံနှင့်ထိုင်းနိုင်ငံနှစ်နိုင်ငံလုံးသည် ကိုဗစ်-၁၉ကပ်ရောဂါကိုဆိုးဝါးပြင်းထန်စွာခံစားနေရလျက် ရှိပြီးအထူးသဖြင့် Delta မျိုးကွဲသို့အလွန်ပြင်းထန်သော ဆင့်ပွားကူးစက်မှုမျိုးကွဲအသစ်ကိုခံစားနေရပါသည်။ မြန်မာနိုင်ငံနှင့် နယ်စပ်ခြင်းထိစပ်နေသောထိုင်းနိုင်ငံတာ့ခ်ခရိုင်အတွင်း၌ ပိုးကူးစက်ခံရသောလူနာများလည်းနေ့စဉ်နှင့်အမျှတိုးပွားလျက်ရှိကြောင်းမြင်တွေ့နေရပါသည်။ မဲဆောက်မြို့နယ်တွင် ကိုဗစ်-၁၉လှိုင်းကို ဇွန်လ၏အစောပိုင်းရက်များမှစတင်ကာခံစားခဲ့ရပြီး ဒေသအတွင်းရှိစက်ရုံများတွင်ကူးစက်ခံရသူများအလွန်များပြားစွာဖြစ်ပေါ်သည်ကိုရှာဖွေတွေ့ရှိခဲ့ရပါသည်။ လတ်တလောတွင်ကူးစက်ခံရသူပေါင်း(၃၀၀၀)ဦးကျော်ကို ဆေးကုသမှုများပြုလုပ်ပေးနေရသည့်အတွက် ဆေးကုသမှုဆိုင်ရာဌာနမများတွင်ပြင်းထန်စွာအားစိုက်မှုဆက်လက်လုပ်ဆောင်နေရပါသည်။ ဩဂုတ်လ ၄ရက် ဗုဒ္ဓဟူးနေ့တွင် တာ့(ခ်)ခရိုင်အတွင်းရောဂါကူးစက်ခံရသူအသစ်(၂၇၉)ဦးရှိကြောင်းတွေ့ရှိခဲ့ရသည့်အနက်၊ မဲဆောက်မြို့အတွင်း၊ မယ်တော်ဆေးခန်းမိသားစုနေအိမ်များနှင့် နီးစပ်မြို့နယ်များဖြစ်သည့် ဖုတ်ဖရာ့၊ မယ်ရမ၊ နှင့် ထဆောင်းရန်းတို့တွင် ပိုးတွေ့အတည်ပြုလူနာပေါင်း (၁၈၀)ဦးကျော်ရှိနေပါသည်။ ၂၀၂၁ ခုနှစ် ဧပြီလ ၁ရက်နေ့မှစတင်ထုတ်ပြန်ခဲ့သော စာရင်းများအရ၊ တာ့(ခ်)ခရိုင်အတွင်း၌ ပိုးတွေ့အတည်ပြုလူနာစုစုပေါင်း (၅,၃၈၃)ဦးရှိကြောင်းသတင်းရရှိပါသည်။
[(တာ့(ခ်)ခရိုင်ပြည်သူ့ဆက်ဆံရေးရုံးကြော်ညာစာမျက်နှာ)]

ဇွန်လ ၂၈ ရက်နေ့တွင်မယ်တော်ဆေးခန်းအား ကိုဗစ်-၁၉ ယာယီကုသရေးဆေးရုံအဖြစ် (မဲဆောက်မြို့နယ်လူထုကျန်းမာရေးဌာနမှတရားဝင်အသိအမှတ်ပြုထားရှိကာ၊ ပြင်းထန်သောနောက်ဆက်တွဲရောဂါများဖြစ်ပေါ်နိုင်ရန်အန္တရာယ်နည်းပါးသည်ဟုယူဆရသောကူးစက်လူနာ (၆၀) မှ (၇၀) စောင့်ကြည့်လက်ခံကူညီပေးနေပါသည်။မယ်တော်ဆေးခန်းဝန်ထမ်းများသည် လူနာများအားနေ့စဉ်ပြုစုပေးရန်တာဝန်ယူရသည့်အပြင်၊ မဲဆောက်ပြည်သူ့ဆေးရုံကြီးရှိဆေးဝန်ထမ်းများ၊အခြားသောထိုင်းလူထုကျန်းမာရေးဌာနများနှင့်အတူတကွပူးပေါင်း၍ရောဂါကူးစက်ခံနေရသောလူနာများရောဂါပိုမိုဆိုးဝါးလာခြင်းရှိမရှိကိုအနီးကပ်စောင့်ကြပ်ကြည့်ရှုရပြီး၊ အကယ်၍လိုအပ်ပါကအချိန်မီလွှဲပြောင်းပို့ဆောင်ပေးနိုင်ရန်အတွက်စီမံဆောင်ရွက်ပေးကြရပါသည်။ လက်ရှိတွင်မယ်တော်ဆေးခန်းသည် ထိုင်းကျန်းမာရေးဌာနများမှလွှဲပြောင်းပေးလာသောကူးစက်လူနာများ၊ မယ်တော်ဆေးခန်းဝန်ထမ်းများ၊ မိတ်ဖက်အဖွဲ့အစည်းများနှင့်ပတ်ဝန်းကျင်လူထုအသိုင်းအဝိုင်း မှ ကူးစက်ခံရသောသူများ၊ စုစုပေါင်း (၄၄၂)ဦးကိုပြုစုကြည့်ရှုလက်ခံပေးနေပါသည်။

ဇူလိုင်လ ၉ ရက်နေ့တွင် ကိုဗစ်-၁၉ ရောဂါပိုးကို ကူးစက်ခံသည့်ပထမဆုံးကျန်းမာရေးဝန်ထမ်းကို ရှာဖွေတွေ့ရှိခဲ့ပါသည်။ ဤကဲ့သို့သောအကြောင်းကြောင့် မယ်တော်ဆေးခန်းသည်ဒေသဆိုင်ရာ ကျန်းမာရေးအဖွဲ့များနှင့်ပူးပေါင်း၍ ဝန်ထမ်းအဖွဲ့ဝင်များအားလုံးအပြင်ရောဂါကူးစက်ခံရနိုင်ဖွယ်အခြေအနေရှိသည့်ဝန်ထမ်း၏ထိတွေ့မိသားစုများ၊ အနီးပတ်ဝန်းကျင်ရှိလူထုအသိုင်းအဝိုင်းများအားထိတွေ့မှုခြေရာခံခြင်းနှင့် ကိုဗစ်-၁၉စစ်ဆေးခြင်းလုပ်ငန်းများကိုလျင်မြန်စွာတုံ့ပြန်လုပ်ဆောင်ခဲ့ပါသည်။ ဤကဲ့သို့စစ်ဆေးခြင်း၏ရလာဒ်များကိုအောက်ပါဇယားတွင်တွေ့ရှိနိုင်ပါသည်။

MAE TAO CLINIC

| စစ်ဆေးမှုပြုသည့်လူအရေအတွက် | ကိုဗစ်-၁၉ အတည်ပြုလူနာ | % |
|---|---|---|
| ၇၇၄ | ၂၀၉ | ၂၇% |

***၂၀၂၁ ခုနှစ် ဩဂုတ်လ ၄ ရက်နေ့ နောက်ဆုံးရရှိထားသည့်ကိန်းဂဏန်းများ:*** *အထက်ပါကိန်းဂဏန်းများသည်လူထုအသိုင်းအဝိုင်း သို့မဟုတ် ဆေးခန်းနှင့်ယင်း၏မိတ်ဖက်အဖွဲ့အစည်းများအတွင်းဖြစ်ပေါ်နေသည့်ကိုဗစ်-၁၉ ကူးစက်ရောဂါပျံ့ပွားခြင်းနှင့် ကာကွယ်ခြင်းဆိုင်ရာ တို့ကိုဖော်ပြသည့်ကိန်းဂဏန်းများမဟုတ်ကြောင်းသတိပြုပါ။ ယင်းတို့မှာ ရောဂါပိုးထိတွေ့ခံရမှုအလားအလာရှိသောသူများ၊ ကူးစက်ခံရမှုအန္တရာယ်ရှိသောသူများကိုအခြေခံအားဖြင့်စစ်ဆေးပေးသည့် ရလာဒ်အပေါ် ရည်ညွှန်းထားပါသည်။*

ကြိုတင်ကာကွယ်သည့်အနေဖြင့် ကျွန်ုပ်တို့၏ဝန်ထမ်းများ၊သူတို့၏မိသားစုများနှင့် မိမိတို့ဝန်ဆောင်မှုပေးသော လူထုအသိုင်းအဝိုင်းတို့၏ကျန်းမာရေးနှင့်ဘေးကင်းလုံခြုံရေးအတွက် ဇွန်လိုင်လ ၁၅ ရက်နေ့မှစ၍ မယ်တော်ဆေးခန်းရှိ ကျန်းမာရေးဆိုင်ရာဝန်ဆောင်မှုအများစုကိုရက်အကန့်အသတ်မရှိရပ်ဆိုင်းထားပါသည်။ ဤကဲ့သို့ဆိုင်းငံ့ထားခြင်းအားဖြင့် ရောဂါကူးစက်ခံနေရသောမယ်တော်ဆေးခန်း၏မိသားစုဝင်များ၊ လူထုအသိုင်းအဝိုင်းအဖွဲ့ဝင်များအားကောင်းစွာပြုစုစောင့်ရှောက်ပေးရေးကိုအာရုံစိုက်လုပ်ဆောင်ပေးခွင့်ရရှိမည်ဖြစ်သည်။ ဩဂုတ်လ ၄ ရက်နေ့တွင် သီးခြားခွဲ၍ထားရှိသော (Isolation) (သို့မဟုတ်) သီးခြားစောင့်ကြပ်ကြည့်ရှုထားသော(Quarantine) အတည်ပြုလူနာပေါင်း (၁၉၂) ဦးရှိပါသည်။

| အုပ်စုအမျိုးအစား | အတည်ပြုလူနာစုစုပေါင်း | အတည်ပြုလူနာအသစ် | မဲဆောက်ပြည်သူ့ဆေးရုံကြီးသို့လွှဲပြောင်းပေးသည့်ဦးရေ | လက်ရှိစောင့်ကြပ်ကြည့်ခံနေရသည့်ဦးရေ | ပြန်လည်သက်သာလာပြီးအိမ်ပြန်ခွင့်ပြုလိုက်သည့်ဦးရေ |
|---|---|---|---|---|---|
| ဆေးကုသရေးဆိုင်ရာဝန်ထမ်း | ၄၃ | ၅ | ၄ | ၃၄ | ၇ |
| ကုသရေးဆိုင်ရာမဟုတ်သည့်အခြားဝန်ထမ်း | ၇၇ | ၁၂ | ၉ | ၆၁ | ၁၀ |
| အိမ်ထောင်စုအတွင်းထိတွေ့မှု | ၆၇ | ၆ | ၀ | ၄၄ | ၂၁ |
| အနီးပတ်ဝန်းကျင်ရှိလူထုအသိုင်းအဝိုင်း | ၂၁ | ၀ | ၁ | ၂၀ | ၀ |
| လူနာများ | ၃ | ၀ | ၀ | ၁ | ၁ |
| **စုစုပေါင်း** | **၂၁၁** | **၂၃** | **၁၄** | **၁၆၀** | **၃၉** |
| CDC၌သီးခြားထားရှိကာစောင့်ကြပ်ကြည့်ခံရသူ | ၅၇ | ၃ | ၀ | ၃၂ | ၂၅ |
| **အားလုံးစုစုပေါင်း** | **၂၆၈** | **၂၆** | **၁၄** | **၁၉၂** | **၆၄** |

သီးခြားခွဲထားခြင်း (Isolation) ဆိုသည်မှာ ကိုဗစ်-၁၉ ရောဂါလက္ခဏာများရှိနေသူ (သို့မဟုတ်) ရောဂါပိုးရှိကြောင်းစစ်ဆေးတွေ့ရှိပြီးသီးသန့်ခွဲထား၍နေခြင်းကိုဆိုလိုပါသည်။ သီးခြားစောင့်ကြပ်ကြည့်ရှုခြင်း (Quarantine)ဆိုသည်မှာ ရောဂါဖြစ်နိုင်ခြေရှိခြင်းကြောင့်လူအများထံမှသီးခြားခွဲထား၍အခြေအနေ လက္ခဏာများကိုစောင့်ကြည့်ရန်ထားရှိသောနေရာကိုဆိုလိုပါသည်။ ကိုဗစ်-၁၉အတွက်သီးခြားစောင့်ကြည့် နေရာတစ်ခု၌ (၁၄)ရက်တာနေခြင်း ကိုဆိုလိုပါသည်။ လက်ရှိတွင် ကိုဗစ်-၁၉ရောဂါပိုးကူးစက်ခံနေရသောသူအတည်ပြုလူနာ(၁၆၀)ဦးကိုမယ်တော်ဆေးခန်း ဝင်းအတွင်း၌သီးသန့် ခွဲခြားထားရှိပြီး (Isolation)ဝန်ထမ်း (၂၅)ဦးနှင့်သူတို့၏ထိတွေ့ခံရသူမိသားစုဝင် များနှင့်လူထုအသိုင်းအဝိုင်းအဖွဲ့ဝင်များအား သီးခြားစောင့်ကြပ်ကြည့်ရှုခြင်း (Quarantine) ဝင်နေပါသည်။ ၁၄ရက်တာ သီးခြားခွဲထုတ်ထားခြင်း(Isolation) (သို့မဟုတ်)သီးခြားစောင့်ကြပ်ကြည့်ထားခြင်း(Quarantine) ခံရပြီးနောက် (၆၄)ဦးအားအိမ်သို့ပြန်ခွင့်ပြုလိုက်ပါသည်။ အိမ်ပြန်ခွင့်ပြုလိုက်သောသူများသည် ကြိုတင်ကာကွယ်သည့်အနေဖြင့် မိမိ၏နေအိမ်တွင်သီးသန့်နေထိုင်ခြင်းဆိုင်ရာလမ်းညွှန်ချက်များ(Quarantine Guideline) အတိုင်းအတိအကျလိုက်နာကာ (၁၄)ရက်နေထိုင် ရမည်ဖြစ်သည်။

ထိုင်းနိုင်ငံအမျိုးသားကာကွယ်ဆေးထိုးခြင်းအစီအစဉ်များအရ မယ်တော်ဆေးခန်းဝန်ထမ်းများအပါအဝင်၊ ရှေ့တန်းမှဦးဆောင်နေသောကျန်းမာရေးလုပ်သားများအား ယခုနှစ်တွင်ကာကွယ်ဆေးထိုးပေးပြီးဖြစ်ပါသည်။ လက်ရှိတွင် မယ်တော်ဆေးခန်းနှင့်ယင်း၏မိတ်ဖက်အဖွဲ့အစည်းများမှ ဝန်ထမ်းဦးရေ (၁၅၈) ဦးကိုကာကွယ်ဆေးထိုးပေးပြီး ယင်းတို့အနက်(၂၇)ဦးမှာကာကွယ်ဆေးအပြည့်အဝ(Sinovac ကာကွယ်ဆေး နှစ်ကြိမ်) ထိုးပြီးပြီဖြစ်သည်။ ကာကွယ်ဆေးထိုးနှံခြင်းအားအတွင်းလူနာဌာနဝန်ထမ်းများကဲ့သို့ ရောဂါပိုးကူးစက်ခံရမှုအန္တရာယ် (သို့မဟုတ်) ယင်း၏နောက်တွဲအန္တရာယ်မြင့်နိုင်သည့်အခြားသောသူများဖြစ်သည့် အသက် (၅၅) နှစ်အထက်ရှိသူများ၊ နာတာရှည်ရောဂါအခံ ရှိသည့်သူများအားထိုးနှံ့ပေးရန်ကြိုးပမ်းအားထုတ်ခဲ့ပါသည်။ ပထမအကြိမ် ကာကွယ်ဆေးထိုးနှံပေးခြင်းခံရသည့် ဝန်ထမ်း (၁၅၈) ဦးအပြင်၊ ကာကွယ်ဆေးထိုးခြင်းအစီအစဉ်တွင်ပါဝင်ရန် ဝန်ထမ်း (၁၂၀) ဦးကိုထပ်မံစာရင်းသွင်းထားပါသည်။

**ဆေးကုသမှုဆိုင်ရာဝန်ဆောင်မှုများ**

ဤကာလအတွင်းရောဂါကူးစက်ပြန့်ပွားမှုကိုကာကွယ်၊ ထိန်းချုပ်ပေးရန်အတွက် ဆေးကုသမှုဆိုင်ရာဝန်ဆောင်မှုအားလုံးကို ပိတ်ထားပါသည်။ ကျေးဇူးပြု၍မယ်တော်ဆေးခန်း၏ Facebook တွင်(မြန်မာဘာသာ/အင်္ဂလိပ်ဘာသာဖြင့်) တင်ထားသော နောက်ဆုံးရသည့် သတင်းအချက်အလက်များအထူးသဖြင့်ကြိုတင်ခန့်မှန်းရန်မပြုနိုင်သော အခြေအနေရှိသည့် ကာလ များအတွင်း တတ်နိုင်သမျှရရှိစုဆောင်းထားသည့်သတင်းအချက်အလက်များကို မကြာခဏဖတ်ရှုပေးစေလိုပါသည်။

ကိုဗစ်-၁၉ပိုးစစ်ဆေးပေးခြင်းနှင့်ကာကွယ်ဆေးထိုးပေးခြင်းများနှင့်ပတ်သက်သည့်မေးမြန်းစုံစမ်းမှုအများအပြားကိုတွေ့နေရပါသည်။ မယ်တော်ဆေးခန်းအနေဖြင့်လက်ရှိတွင်ယင်းဝန်ဆောင်မှုမျိုးကို မပြုလုပ်နိုင်သေးပါ။ အဘယ်ကြောင့်ဆိုသော် ထိုင်းကျန်းမာရေးဌာနမှ ယင်းတို့ကိုတာဝန်ယူကိုင်တွယ်လုပ်ဆောင်ပေးနေပါသည်။ သင့်အနေဖြင့်ရောဂါကူးစက်မှုခံနေပြီး ကိုဗစ်-၁၉ စစ်ဆေးမှုလိုအပ်နေသည်ဟုထင်ပါက မဲဆောက်ပြည်သူ့ဆေးရုံကြီး ၏ဖုန်းနံပါတ် ၀၆၅-၄၆၁-၁၁၂၀ သို့မဟုတ် ကိုဗစ်-၁၉ ဖုန်းခေါ်ဆိုမှုစင်တာ ၁၄၄၂ (သို့မဟုတ်) ၁၆၈၈ သို့ ဆက်သွယ်နိုင်ပါသည်။ကိုဗစ်-၁၉ ကာကွယ်ဆေးနှင့်ပတ်သက်

MAE TAO CLINIC

သောသတင်းအချက်အလက်များကိုသိရှိလိုပါက ထိုင်းအစိုးရ လူမှုဆက်ဆံရေးဌာန ၏တရားဝင် Facebook စာမျက်နှာတွင် ရှာဖွေနိုင်ပါသည်။

အကယ်၍သင်သည်ကိုယ်ဝန်ဆောင်မိခင်ကျန်းမာရေး (မီးမဖွားမီ၊မီးဖွားစဉ်နှင့်မီးဖွားပြီးနောက်စောင့်ရှောက် ပေးခြင်း)နှင့် ပတ်သက်၍အကူအညီလိုအပ်ပါကမဲဆောက်ဆေးရုံကြီး (သို့မဟုတ်) အနီးစပ်ဆုံးဆေးခန်းများသို့ ဆက်သွယ်ပါ။ မကူးစက်နိုင်သော(နာတာရှည်)ရောဂါများကိုကုသပေးရန် အကူအညီလိုအပ်သည့်သူများအတွက်ဆရာမ ဆိုဖီယာလှထံ (အင်္ဂလိပ်၊ မြန်မာ၊ ကရင်ဘာသာဖြင့်) ဖုန်းနံပါတ် ၀၈၁-၀၃၇-၅၈၀၀ ဖြင့်ဆက်သွယ်နိုင်ပါသည်။

## စိတ်ကျန်းမာရေးနှင့် လူမှုရေးစိတ်ပိုင်းဆိုင်ရာထောက်ပံ့မှုအစီအစဉ်

ဘုတ်အဖွဲ့ဝင်တစ်ဦး၏ထောက်ပံ့မှုဖြင့် မယ်တော်ဆေးခန်းသည် (Isolation) သီးခြားခွဲထုတ်ထားသောလူနာများ၊ (Quarantine) ဝင်နေသောစောင့်ကြည့်ခံရသူများအတွက်ရည်ရွယ်ပြီး စိုးရိမ်ကြောင့်ကြ စိတ်ဖိစီးမှုများကိုမည်ကဲ့သို့ ကိုင်တွယ်ထိန်းသိမ်းရမည်နှင့်မမျှော်လင့်ထားသောအခြေအနေများကို ကောင်းသည့်ဖက်မှ မည်ကဲ့သို့တွေးတော၍ ပြောင်းလဲပေးရမည်ဆိုသည်တို့ပါဝင်သောစိတ်ပိုင်းဆိုင်ရာကျန်းမာရေးနှင့်ဆက်နွယ်လျှက်ရှိသည့် အကြောင်းအရာများကို ပိုမိုသိရှိနားလည်စေရန်အတွက် ရေဒီယိုအသံလွှင့်အစီအစဉ်ဖြင့်တစ်နေ့သုံးကြိမ်စီစဉ်တင်ဆက်ပေးနေပါသည်။ ယင်းအစီအစဉ်တွင် လူမှုရေးစိတ်ပိုင်းဆိုင်ရာကူညီထောက်ပံ့မှုကိုမည်သည့်သင့်လျော်သောနည်းဖြင့်ရယူနိုင်သည် ဆိုသည့် အကြောင်းကိုလည်းဖော်ပြပေးပါသည်။နှစ်သိမ့်ဆွေးနွေးအကြံပြုပေးမှုကိုလိုအပ်နေသည့်သူများ အားလုံးအတွက် ဆက်လက်ကူညီပေးနိုင် မည့် စိတ်ကျန်းမာရေးဆိုင်ရာအသိပညာ၊ သတင်းအချက်အလက်များကို လက်ကမ်းစာစောင်များ ပြုလုပ်ကာဝေငှပေးသွားရန်အစီအစဉ်ရှိပါသည်။

## ပညာရေး

လွန်ခဲ့သောနှစ်မှစ၍ တာ့(ခ်)ခရိုင်အတွင်းရှိရွှေ့ပြောင်းကျောင်း (၆၆) ကျောင်းတို့သည် ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် ထိခိုက်သက်ရောက်မှုများစွာဖြစ်ခဲ့ကြရပါသည်။ ယခင်စာသင်နှစ်အတွင်း၌ကျောင်းသားများအားစာသင်ခန်းများသို့ဝင်ရောက်သင်ယူရန်ခွင့်မရရှိခဲ့ပါ။ ၂၀၂၁/၂၀၂၂ ပညာသင်နှစ်အတွင်းလတ်တလောဖြစ်ပွားသည့် ကိုဗစ်-၁၉ လှိုင်းကြောင့်ကျောင်းဖွင့်ရက်ကို အကန့်အသတ်မရှိရွှေ့ဆိုင်းခဲ့ရပါသည်။ CDC ကျောင်းတွင် တက်ရောက်ရန်စာရင်းပေးသွင်းထားသောကျောင်းသားဦးရေ (၄၂၀)ဦးရှိပါသည်။ CDC ကျောင်းသည် ဩဂုတ်လ ၂ ရက်နေ့မှစ၍ Online ဖြင့်သင်ယူခြင်းအစီအစဉ်များကို စတင်နေပြီး ဖြစ်သည်။ Online ဖြင့်စာသင်ခြင်းအတွက်သင်ခန်းစာပြင်ဆင်ခြင်းများကို ပြုလုပ်ခဲ့ကြသော်လည်း အင်တာနက်ရရှိရန် အကန့်အသတ်ရှိနေသောဆရာများအတွက် ဤကဲ့သို့အိမ်တွင်းသင်ယူမှုသို့ ပြောင်းလဲရေးအစီအစဉ်သည် စိန်ခေါ်မှုတစ်ရပ် ဖြစ်နေပါသည်။ လက်ရှိဖြစ်ပေါ်နေသောအခြေအနေများ မည်ကဲ့သို့ရှိနေသည်ဖြစ်စေ၊ CDC ရှိဆရာ၊ဆရာမများအားလုံးသည် ကျောင်းသားကျောင်းသူများအား ပညာရေးကိုဆက်လက်ပံ့ပိုးပေးသွားရန်ခိုင်မာစွာဆုံးဖြတ်ထားကြပါသည်။

**အလှူငွေ/ထောက်ပံ့မှုများ။**

ဤကဲ့သို့ အကူအညီပေးရန်စိတ်ဝင်စားသည့်သူများအားပြောကြားလိုသည်မှာ မိမိတို့သည်ကိုဗစ်-၁၉ ကွင်းဆင်းကုသရေး ဌာနဖြစ်သည်နှင့်အညီ၊ လူအသီးသီး၏လုံခြုံရေးကိုထောက်ချင့်သောအားဖြင့် မိမိတို့သည် အကူအညီများကိုအတိုင်းအတာ ဖြင့်သာလက်ခံနိုင်သည်ဆိုကြောင်းကိုသိရှိနားလည်လက်ခံပေးပါရန် ဖြစ်ပါသည်။ လက်ရှိတွင် ကျွန်ုပ်တို့အနေဖြင့် ချက်ပြုတ်ထားသောအစားအစာများ သို့မဟုတ် တစ်ဦးချင်းစီမှဝယ်ယူပေးသော ဆေးဝါးများကိုလက်ခံနိုင်မည်မဟုတ်ပါ။ အကယ်၍သင့်အနေဖြင့်အဝတ်အထည် (သို့မဟုတ်)အိပ်ယာအသုံးအဆောင်တို့ကို လှူဒါန်းလိုပါကယင်းပစ္စည်းများသည် အသုံးမပြုရသေးသောပစ္စည်းအသစ်များကိုသာလှူဒါန်းပေးပါရန်မေတ္တာရပ်ခံပါသည်။

ကျွန်ုပ်တို့အတွက်အလွန်လိုအပ်သောပစ္စည်းများကိုအောက်ပါစားရင်းဇယားတွင် ဖော်ပြထားပါသည်။

| **အထွေထွေလူမှုရေးဆိုင်ရာအထောက်အပံ့** |
|---|
| အစာခြောက် (ဆန်၊ငါးသေတ္တာ၊ဆီ၊ ပဲဆား၊ငရုတ်သီးမှုန့်၊ အသားမှုန့် စသဖြင့် |
| အာဟာရဖြည့်အစာ (နို့မိုင်လို စသဖြင့်) |
| အိပ်ယာအသုံးအဆောင်ပစ္စည်း (ဖျာ၊ခေါင်းအုံး၊စောင်၊ခြင်ထောင်စသဖြင့်) |
| **ဆေးဝါးအထောက်အပံ့** |
| PPEs (ခွဲစိတ်ခန်းသုံးနှာခေါင်းစည်း၊ မျက်နှာကာ၊ လက်အိတ်၊ ခေါင်းစွပ်၊ ဆေးရုံသုံးအပေါ် ရုံအဝတ်) |
| N95 နှာခေါင်းစည်း |
| ရောင်ခြည်သုံးအပူတိုင်းကိရိယာ |
| သွေးဖိအားတိုင်းစောင့်ကြည့်စက်နှင့် သွေးတွင်းအောက်စီဂျင်တိုင်းစက် |
| တစ်ကိုယ်ရေးကာကွယ်ရေးပစ္စည်း (Surgical Scrubs) |
| **ပိုးသတ်ဆေးရည်များ** |
| အရက်ပျံ ၇၀ % + ဂလစ်ဆရင်း 1% |
| အရက်ပျံဂျယ် (Alcohol Gel) |
| **ဓာတ်ခွဲခန်းသုံးအထောက်အကူပြုပစ္စည်း** |
| ကိုဗစ်-၁၉ အင်တီဂျင် စစ်ဆေးရေးကိရိယာ (Rapid Atigen Test Kit)<br>(ထိုင်းနိုင်ငံ FDA မှထောက်ခံချက်ရှိထားပြီး) |
| ဂလူးကို့စ် စစ်ဆေးခြင်း (၅၀ x box) |
| **တစ်ကိုယ်ရည်သန့်ရှင်းရေးအသုံးအဆောင်ပစ္စည်း** |
| တစ်ကိုယ်ရည်သန့်ရှင်းရေးပစ္စည်း (ဆပ်ပြာ၊ခေါင်းလျှော်ရည်၊သွားတိုက်ဆေး၊အမျိုးသမီးလစဉ်သုံးပစ္စည်း၊ အိမ်သာသုံးစက္ကူ။ |

* ထောက်ခံချက်ရရှိထားသောပစ္စည်းများကိုအောက်ပါထိုင်းနိုင်ငံ FDA ဝက်ဆိုဒ်တွင်ရှာဖွေနိုင်ပါသည်။

https://www.fda.moph.go.th/sites/Medical/SitePages/test_kit_covid19.aspx

MAE TAO CLINIC

ဤစာရင်းဇယားသည်မြန်ဆန်စွာဆင့်ကဲပြောင်းလဲဖြစ်ပေါ်နေသောအခြေအနေများအရအရေးကြီးလိုအပ်ချက်များဖြစ်ပြီး၊ ကျွန်ုပ်တို့၏အပြောင်းအလဲရှိပါကအချိန်နှင့်တစ်ပြေးညီအကြောင်းကြားသွားမည်ဖြစ်ပါသည်။ လှူဒါန်းလိုသည့်အချက်အလက်နှင့်ပတ်သတ်၍ အောက်တွင်ဖော်ပြထားသည့်ရွေးချယ်သတ်မှတ်ထားသည့်သူထံသို့ဆက်သွယ် မေးမြန်းနိုင်ပါသည်။

**ဆက်သွယ်ရမည့်အကြောင်းအရာများ**

သိရှိလိုသည့်အထွေထွေအကြောင်းအရာများနှင့်အလှူငွေပေးခြင်းနှင့်ပတ်သက်ပြီးအောက်ပါပုဂ္ဂိုလ်များထံသို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

- ဆရာမနွယ်နီ (အင်္ဂလိပ်၊ မြန်မာ၊ထိုင်းဘာသာ) ၀၈၄-၈၂၀-၃၇၄၃
- ဆရာမအယ်နီ (အင်္ဂလိပ်၊ မြန်မာ၊ကရင်ဘာသာ) ဖုန်းနံပါတ် ၀၈၉-၉၁၆-၅၈၅၅
- ဆရာမ ပတ္တနီ (Ms Pattinee Suanprasert) (အင်္ဂလိပ်နှင့်ထိုင်းဘာသာ) ဖုန်းနံပါတ် ၀၈၇-၆၇၇-၁၄၁၅

မီဒီယာများအတွက်ဆက်သွယ်ရန်။

- Fundraising@maetaoclinic.org (အင်္ဂလိပ်၊ မြန်မာ၊ ကရင်ဘာသာ)
- ဆရာမ ပတ္တနီ (Ms Pattinee Suanprasert) (အင်္ဂလိပ်နှင့်ထိုင်းဘာသာ) ဖုန်းနံပါတ် ၀၈၇-၆၇၇-၁၄၁၅

ဆေးဘက်ဆိုင်ရာစုံစမ်းမေးမြန်းခြင်း။

- ဆရာမနော်ဆိုဖီယာလှ (မြန်မာ၊ အင်္ဂလိပ်၊ကရင်ဘာသာဖြင့်) ဖုန်းနံပါတ် ၀၈၁-၀၃၇-၅၈၀၀
- ဆရာမဝါးခူဖော (မြန်မာ၊ကရင်ဘာသာဖြင့်) ဖုန်းနံပါတ် ၀၈၉-၉၆၁-၇၃၁၆

ကိုဗစ်-၁၉ အခြေအနေတိုက်ရိုက်အရေးပေါ်တုံ့ပြန်လုပ်ဆောင်မှုအဖွဲ့အားအကူအညီပေးရန်စိတ်ဝင်စားသောသူများအနေဖြင့် online အားဖြင့်အလှူငွေများလွှဲပေးနိုင်ပါသည်။

အကောင့်အမည် (Suwannimit Foundation for Mae Tao Clinic)

အကောင့်နံပါတ် : ၀၁၆ ၈ ၈၃၈၀၇၇

ဘဏ်နှင့်ဘဏ်ခွဲ : Kasikorn Bank, Mae Sot

Swift Code: KASITHBK

ဘဏ်လိပ်စာ : ၈၄/၉ Prasart Withi Rd, Mae Sot, Tak Province, 63110, Thailand

အလှူငွေများပေးရန်အတွက်ထပ်မံသိရှိရန်လိုအပ်သေးပါက အောက်ပါ စာမျက်နှာ သို့နှိပ်/ဝင်ပါ။

https://maetaoclinic.org/how-to-help/donate/ သို့မဟုတ် Fundraising@maetaoclinic.orgသို့ဆက်သွယ်ပါ။